ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ စနေနေ့၊ (25-2-2006) (၄၈၂)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံ အကြီးအကဲထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံအကြီးအကဲ ရှိတ်ဆာဘား အယ်အာမက် အယ်ဆာဘားသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်သာအေး လျှပ်စစ်မြစ်ရေတင်စီမံကိန်းများနှင့် နွေစပါးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး မြောင်မြို့နယ် မကျည်းဘုတ်ကျေးရွာ စပါးခွံဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် မြောင်မြို့နယ် ပရိမ္မကျေးရွာအနီး ကျွဲရိုက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ တိုင်းမှူးအား ခရိုင်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိန်က စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များမှာကြားကာ စီမံကိန်းဧရိယာအတွင်း တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

### စိုက်ပျိုးပြီး

အဆိုပါလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ နွေစပါးဧက ၂၀၀၀စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ၁၅၉၃ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည်တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း ကြက်ဆူပင်ပျိုးခင်းနှင့် သဲသောင်ပြင်ကြက်သွန်နီ စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှု **စာမျက်နှာ ၈ ကော်လံ ၆ သို့** ✧

### ရေဘုတလင် မြစ်ရေတင်စီမံကိန်း

**စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်အတွင်း စိုက်ပျိုးရေ ရရှိရေးအတွက် ဖြန့်ဝေပေးလျက်ရှိသည့် ဟိုချောင်းဒေသ ရေဘုတလင် မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။**

(မြို့နယ်ပြန်/ဆက်)



# တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်ကတ်ပြားများ မတ် ၆ရက်မှ စတင်ထုတ်ယူနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

၂၀၀၆ခုနှစ် မတ် ၁၄ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့်တက္ကသိုလ်ဝင်စာမေးပွဲကို တစ်ပြည်လုံးရှိ နယ်စာစစ်ဌာန အသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲ ဝင်ခွင့်ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံ ပေးပို့ထားပြီးဖြစ်ရာ မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ မတ် ၆ ရက် (တနင်္လာနေ့)မှစတင်၍ စာမေးပွဲရက်မတိုင်မီ ကြိုတင်စုံစမ်းမေးမြန်း ထုတ်ယူကြရန်ဖြစ်သည်။

(က) ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

# တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် ဆီဆိုင်မြို့နယ်အတွင်း ဘန်းယဉ်ရေလှောင်တမံကြည့်ရှု ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးစစ်ဆေးပြီး လျာထားချက်ပြည့်မီအောင်စိုက်ရန် မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၄

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာအုပ်စု၊ ပါလောပါကယ်ကျေးရွာရှိ ဘန်းယဉ်ကန်သို့သွားရောက်၍ ဘန်းယဉ်ကန်ရေလှောင်တမံ တည်ဆောက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။** စာမျက်နှာ ၈ ကော်လံ ၆ သို့ ✷

ကြေးမုံ
The Mirror

**ခေါင်းကြီး၊ ဆောင်းပါးအညွှန်း**

☆ *နိုင်ငံတော်က ပညာရေးမြှင့်တင်မှုအစီအမံများ၊ ပညာရေးလုပ်ငန်းစဉ်များကို ခေတ်နှင့်အညီ လွှမ်းခြုံစွမ်းဆောင်နိုင်ရေးအတွက် ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။*

ခေါင်းကြီး (စာမျက်နှာ-၂)

☆ *နိုင်ငံတော် အစိုးရသည် နယ်စပ်ဒေသများသာမက မြို့ပြနှင့် ကျေးလက်ဒေသများအပါအဝင် ပြည်နယ်/တိုင်းအားလုံး ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြများ ခေတ်မီဖွံ့ဖြိုးစည်ပင်လာသကဲ့သို့ ကျေးလက်ဒေသများသည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိပေသည်။*

ဧယျာမျိုးထက်၏ **"မြစ်ရောအနောက်ခြမ်းမှ ဖွံ့ဖြိုးမှု အလုပန်းများ"**

ဆောင်းပါး (စာမျက်နှာ-၆)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၅-၂-၂၀၀၆
(စနေနေ့)

# အမျိုးသားရေး ကိုယ်ခံစွမ်းအားများ ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်

မြန်မာနိုင်ငံသည် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားပြီး စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် သမိုင်းအဆက်ဆက်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်လာခဲ့သည်။ ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော် သိမ်းပိုက်မှုကို ခံခဲ့ရသည့်အတွက် ကြမ်းတမ်းခက်ခဲသော သမိုင်းကြောင်း ကို ဖြတ်သန်းခဲ့ရသည်။

သို့သော် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲစေရန် ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ထာဝရအခွန့်ရှည် ရပ်တည်နိုင်စေရန် ဆက်လက်၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက် လျက်ရှိသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်များဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ကို အားကောင်းမြဲမြံ ခိုင်ခံ့စေရန်အလေးထား ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘက်စုံကဏ္ဍစုံမှ အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းလျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် လူ့စွမ်းအား အရင်းအမြစ်သည် အဓိကကျသည့် နေရာမှ ပါဝင်နေသည်။ ထို့ကြောင့် နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များအား ပညာရည်အဆင့်အတန်း၊ အရည်အသွေး၊ ကျွမ်းကျင်မှုစွမ်းဆောင်ရည်များ အဘက်ဘက်က ပြည့်စုံနေစေရန် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ ချမှတ်၍ ဖော်ဆောင်ဖြည့်ဆည်းပေးလျက်ရှိသည်။

အဆိုပါ စီမံကိန်းများကြောင့် လူငယ်လူရွယ်များ ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ပိုမိုရရှိလာကာ ခေတ်မီ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများဖြင့် ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူနေကြပြီဖြစ်သည်။

နိုင်ငံတော်က ယင်းသို့ ပညာရေးမြှင့်တင်မှု အစီအမံများ၊ ပညာရေးလုပ်ငန်းစဉ်များကို ခေတ်နှင့်အညီ လွှမ်းခြုံ စွမ်းဆောင်နိုင်ရေးအတွက် ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

အထူးသဖြင့် ပညာရေးကဏ္ဍအနေဖြင့် လူငယ်လူရွယ်များ အပါအဝင် ပြည်သူများကို နိုင်ငံတကာနှင့်ယှဉ်ပြီး တွေးခေါ် မြော်မြင်သုံးသပ်နိုင်ရေးအတွက် စိတ်ဓာတ်နှင့်အရည်အသွေးများ တိုးတက်မြင့်မားလာစေရန် ဖန်တီးဖော်ဆောင် ပေးနေပေသည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ယနေ့အချိန်အခါတွင် လူငယ်လူရွယ် များအနေဖြင့် အမျိုးသားပညာရည် မြင့်မားမှုကို အခြေခံ၍ အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်ဖြိုး ခိုင်မာသည်ထက် ခိုင်မာအောင် ကြိုးပမ်းတည်ဆောက် သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E.Lt. Gen Victory SJB Rana (Retd) လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား နီပေါသံအမတ်ကြီးနှင့် မလေးရှားဧည့်သည်အဖွဲ့တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Lt. Gen Victory SJB Rana (Retd) သည် ဖေဖော်ဝါရီ ၂၂ရက် မွန်းတည့် ၁၂နာရီတွင်လည်းကောင်း၊ မလေးရှားနိုင်ငံ အခြေစိုက် ADDAUDIO EX SDN BHD မှ အမှုဆောင်အရာရှိချုပ် Mr. Ng Cheong Eng နှင့် အဖွဲ့သည် မွန်းလွဲ ၁နာရီတွင်လည်းကောင်း ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံကြရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ဘုရားဖြူ စမ္ဗသဘင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ အသင်းကြီးမှ ကြီးမှူးကျင်းပသော (၇၄)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ ဆုနှင်းသဘင် အကြိုတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၂၅ရက် (စနေနေ့)တွင် အရှင်ပညာဝံသ (ပုပ္ပားစကားဝါမြေ)ကလည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ရက်(တနင်္ဂနွေနေ့)တွင် အရှင်ပညာသာရ (ပန်းတစ်ပွင့်တောင်)ကလည်းကောင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း ည ၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ကူဝိတ်အမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရှိတ်မူဟာမက် ဆာဘား၊ အယ်ဆယ်လမ်၊ အယ်ဆာဘားသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## ဒုတိယဝန်ကြီး ဦးကျော်သူ ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၃၈) ဓမ္မစေတီလမ်းရှိ စင်ကာပူသမ္မတနိုင်ငံ သံရုံးသို့ သွားရောက်၍ စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း Mr. S. Rajaratnam ကွယ်လွန်ခြင်းအတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ် စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်သူ စင်ကာပူသမ္မတနိုင်ငံဒုတိယ ဝန်ကြီးချုပ်ဟောင်း Mr.S. Rajaratnam ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

## ကုန်သည်/ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ဂျပန်အီတိုချူးအတိုင်ပင်ခံပုဂ္ဂိုလ်တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်နှင့် ဦးဇော်မင်းဝင်းတို့အား ဂျပန် နိုင်ငံ ITOCHU Corporation မှ အတိုင်ပင်ခံပုဂ္ဂိုလ် Mr. Takayuki YAMADA သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး မဟာမဲခေါင်ဒေသနိုင်ငံ များအတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည့် အခွင့်အလမ်းဆိုင်ရာကိစ္စ၊ GMS-BF တွင် UMFCCI အနေဖြင့် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နေမည့်ကိစ္စ၊ GMS-BF အဖွဲ့ဝင်နိုင်ငံများရင်းနှီးမြှုပ်နှံ လုပ်ကိုင်သင့်သော စီးပွားရေးလုပ်ငန်းနယ်ပယ်များ၊ ဂျပန်နိုင်ငံနှင့် ပြည်ပနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေမှုကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။ **(ယာပုံ)** (သတင်းစဉ်)



# ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း လိုက်လံကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် အတွင်း ဆောင်ရွက်လျက်ရှိသော သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ၊ လမ်းများနှင့်လူသွားစင်္ကြံများအဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းများနှင့် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်အဖွဲ့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဗိုလ်ချုပ်အောင်ဆန်းလမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာဆက်လက်ခင်းကျင်းနေမှုကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တိုင်းမှူးနှင့် အဖွဲ့သည် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား ရွှေဘုံသာလမ်းပိုင်းတစ်လျှောက် လမ်းပြုပြင်ခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်း တစ်လျှောက် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်ကမ်းနားလမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်း၍ လမ်းဘေးဝဲ/ယာအမှိုက်များ ရှင်းလင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီးတာဝန် ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးသို့လည်းကောင်း၊မရမ်းကုန်းမြို့နယ် စွယ်တော်လမ်းရှိ နဝဒေးကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ကုန်းမြင့်သာယာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ် ဈေးသို့လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချသူ ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)



## ကြည့်ရှုစစ်ဆေး

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





**စင်ကာပူသမ္မတနိုင်ငံ သတင်းနှင့်သုတေသနဗဟိုဌာနက ပါဝင်စီစဉ်သော သုတေသနပြုခြင်းနှင့် အစီရင်ခံစာရေးသားခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးစီးခြင်း အခမ်းအနားတွင် စင်ကာပူသမ္မတနိုင်ငံ သတင်းနှင့်သုတေသန ဗဟိုဌာနမှ Associate Consultant, Mr. Kwa Chong Guanအမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# သုတေသနပြုခြင်းနှင့် အစီရင်ခံစာရေးသားခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေး ဖောင်ဒေးရှင်းတို့၏ ကမကထပြုမှုဖြင့် စင်ကာပူသမ္မတနိုင်ငံ သတင်းနှင့်သုတေသနဗဟိုဌာနက ပါဝင်စီစဉ်သော သုတေသနပြုခြင်းနှင့် အစီရင်ခံစာ ရေးသားခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီးစီးခြင်း အခမ်းအနားကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညွန့်ဆွေနှင့် ဦးလှမြင့်ဦး၊ စင်ကာပူသမ္မတနိုင်ငံ သတင်းနှင့်သုတေသနဗဟိုဌာနမှ ပညာရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် ၂၀ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြသူများအား သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်၍ စင်ကာပူသမ္မတနိုင်ငံ သတင်းနှင့် သုတေသနဗဟိုဌာနမှ Associate Consultant, Mr. Kwa Chong Guan က အမှာစကားပြောကြားပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦးက အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြီးစီးခြင်း အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# မော်တင်စွန်းဘုရားပွဲတော်သို့ မှန်လုံယာဉ်များဖြင့် ပြေးဆွဲပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မော်တင်စွန်းဘုရားပွဲသို့ ရွှေမန်းသူ အဝေးပြေးခရီးသည် ပို့ဆောင်ရေး လုပ်ငန်းမှ အထူးအစီအစဉ်ဖြင့် မှန်လုံယာဉ်များ ပြေးဆွဲပေးမည်ဖြစ်သည်။

**ရန်ကုန်-မော်တင်စွန်း**

ပုသိမ်မြို့ မော်တင်စွန်းဘုရားပွဲသို့ ရွှေမန်းသူ အဝေးပြေးခရီးသည် ပို့ဆောင်ရေးလုပ်ငန်းမှ "ပုသိမ်သူ" အထူးမှန်လုံယာဉ်များဖြင့် ရန်ကုန်မှ မော်တင်စွန်းဘုရားသို့ ဖေဖော်ဝါရီ ၂၅ရက်မှ စတင်၍ တိုက်ရိုက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

**ပုသိမ်-မော်တင်စွန်း**

ထို့ပြင် ပုသိမ်မှ ဘုရားဖူးများအတွက် ပုသိမ်မြို့မှ မော်တင်စွန်းဘုရားသို့"ပုသိမ်သူ"အထူးမှန်လုံယာဉ်များဖြင့် ဖေဖော်ဝါရီ ၂၆ရက်မှစ၍ အပတ်စဉ် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက ဖုန်း ၀၁-၅၇၉၆၅၅၊ ၅၇၃၂၅၉၊ ၅၆၃၃၀၃၊ ၀၄၂-၂၁၂၂၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

# စံကျောင်းတော်များတည်ဆောက်ရန်လှူဒါန်းနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပြည်မြို့ နဝင်းနယ်မြေဖိုးခေါင်ရပ်ရှိ ရှေးဟောင်း သမိုင်းဝင် စေတီတော်မြတ်များကို ဆရာတော် ဦးအာစိဏ္ဏ ဦးဆောင်၍ ပြုပြင်တည်ထားခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များ ကိန်းဝပ် စံပယ်ရာ ဗုဒ္ဓစံကျောင်းတော်များကို အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်၍ လှူဒါန်းလိုသူများသည် ကိုဇော်မင်း (ပြည်မြို့) ဖုန်း-၀၅၃-၂၅၂၀၄၊ ဒေါ်လဲ့လဲ့မာ (ရန်ကုန်မြို့) ဖုန်း-၂၀၂၉၄၀၊ ဦးကြည်တိုး ဟောင်ကောင်ဆေးတိုက်(၃၃၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့၊ ဒေါ်စန်းစန်းမြင့် ရန်ကုန်မြို့၊ ဖုန်း-၆၅၁၀၆၈တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)




**ရန်ကုန်မြို့ သုဝဏ္ဏ စုပေါင်း ကိုယ်ပိုင်အိမ်ရာ ကျွန်းရွှေမြိုင်လမ်းနေ ဦးကျော်စိန်၊ ဒေါ်လှကြည်မိသားစုတို့က ဦးကျော်စိန်၏ (၈၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သုံးထပ် ဘိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)



**မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၃) အခြေခံ ပညာ အ ထက် တန်း ကျောင်း ၌ မြို့နယ် ဘက်စုံ ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော် ဝါရီ ၁၉ရက်က ကျင်းပရာ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ဘက်စုံ ထူးချွန်ဆု၊စာပေဘာသာရပ်၊ကျောင်းလုပ်ငန်း လေးနှစ်ဆက် တိုက် ပထမဆု ရရှိသော မနှင်းဝတ်ရည်အောင်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

# အင်ဒိုနီးရှားအရှေ့ပိုင်း၌ မိုးရွာပြီး မြေပြို ရေကြီးမှုဖြစ်ပွား ၂၄ ဦးထက်မနည်း သေဆုံး

ဂျကာတာ ဖေဖော်ဝါရီ ၂၃

**အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာနာဒိုမြို့၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှု များနှင့် ရေကြီးမှုများဖြစ်ပွားခဲ့ရာ လူ ၂၄ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ကယ်ဆယ်ရေး ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားသည်။**

ဆူလာဝေစီပြည်နယ် မြောက်ပိုင်း မြို့တော် မာနာဒို၌ အချိန်ကြာမြင့်စွာ မိုးရွာသွန်းမှုကြောင့် ထိုမြို့တွင် တစ်မီတာခန့် ရေလွှမ်းမိုးခဲ့သည်။ အဆိုပါမြို့တောင်တန်းဒေသများတွင် မြေပြိုကျမှု ဖြစ်ပွားခဲ့ခြင်းကြောင့် လူအများအပြား သေဆုံးခဲ့ရသည်။

သေဆုံးသူ လေးဦးကို ထပ်မံတွေ့ရှိ ခဲ့ရာ စုစုပေါင်း သေဆုံးသူ ၂၄ ဦး ရှိပြီဖြစ်သည်ဟု ဂျကာတာမြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၂၀၀ အကွာတွင် ရှိသော မန်နာဒိုမြို့၌ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူ ရီနလ်ဒီက ပြောကြားခဲ့သည်။ အခြားသော ကယ်ဆယ်ရေးအဖွဲ့သည်ကမ်းခြေဒေသ၌ကယ်ဆယ်ရေးလုပ်ငန်းများကို ယခုတိုင်လုပ်ဆောင်လျက်ရှိသည်ဟုၚင်းက ပြောဆို ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ရေကြီးမှု၊ မြေပြိုမှုများ အဖြစ်များကြောင်း၊ အထူးသဖြင့် စိုစွတ်ရာသီတွင် အများဆုံး ဖြစ်ပွားလျက်ရှိသည်။ လယ်ယာမြေများ ရှင်းလင်းမှုကြောင့် သဘာဝဘေးအန္တရာယ် အတားအဆီးများကိုမတားဆီးနိုင်ဘဲမြေပြိုမှု ဖြစ်ရခြင်းဖြစ်သည်။ ယခင်က ဂျာဗား၌မြေပြိုမှု ဖြစ်ပွားရာ လူ ၁၃ဝထက်မနည်း သေဆုံးခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***



**အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာနာဒိုမြို့တွင် မိုးသည်းထန်စွာရွာပြီးနောက် မြေပြိုမှုဖြစ်ပွားသောနေရာကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ကမ္ဘောဒီးယား၌ အိဒ်စ်ရောဂါ တိုက်ဖျက်ရန် မဟာဗျူဟာချမှတ်

**ဖနောင်ပင် ဖေဖော်ဝါရီ ၂၃**

ကမ္ဘောဒီးယားအစိုးရက ၂၀၀၆-၂၀၁၀ ပြည့်နှစ်အတွက် အိပ်ချ်အိုင်ဗွီနှင့် အိဒ်စ်ရောဂါကို ပြည့်စုံလုံလောက်မှုရှိပြီး ကဏ္ဍပေါင်းစုံက တုံ့ပြန်သည့်အစီအစဉ်အဖြစ် အမျိုးသားဆိုင်ရာ မဟာဗျူဟာအစီအစဉ်တစ်ရပ်ကိုဗုဒ္ဓဟူးနေ့ကချမှတ်လိုက်သည်။ အိပ်ချ်အိုင်ဗွီနှင့် အိဒ်စ်ရောဂါကို တိုက်ဖျက်ရာတွင် ၁၉၉၇ ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း ရောဂါပြန့်ပွားမှုမှာ သုံးရာခိုင်နှုန်းကျဆင်းစေရန် ကမ္ဘောဒီးယားအစိုးရက ဆောင်ရွက်နိုင်ခဲ့သည်။

အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ခံရသည့် လူနာအသစ်များတွင် အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် လေးဆပိုများဖွယ်ရှိနေကြောင်း၊ လွန်ခဲ့သည့်ငါးနှစ်တာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံတွင် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ် စုစုပေါင်း ၈၅၀၀၀ သည် ယင်းရောဂါကြောင့် အသက်သေဆုံးခဲ့ကြကြောင်း ကုလသမဂ္ဂဌာနေညှိနှိုင်းဆောင်ရွက်ရေးမှူးဒေါက်ဂလပ်စ်ဂါဒနာကပြောကြားသည်။

အဆိုပါရောဂါပြန့်ပွားမှု ဆန့်ကျင်တိုက်ဖျက်ရန်အတွက် ကမ္ဘောဒီးယားအစိုးရက အမျိုးသားဘတ်ဂျက်ကို တိုးမြှင့်သုံးစွဲရန် ကြိုးပမ်းနေသည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# တရုတ်ကျေးလက်ဒေသပြုပြင်ပြောင်းလဲမှု ပိုမိုဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် ကတိပေး

**ပေကျင်း ဖေဖော်ဝါရီ ၂၃**

တရုတ်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ယခုနှစ်တွင်ရန်ပုံငွေများကို ပိုမိုသုံးစွဲသွားမည်ဟု တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ဖေဖော်ဝါရီ ၂၀ ရက်တွင် ကတိပေးပြောကြားခဲ့သည်။ တရုတ်နိုင်ငံ၏ ခေတ်မီလုပ်ငန်းစဉ်တွင် ဆိုရှယ်လစ်ကျေးလက်ဒေသသစ်တည်ဆောက်ရေးသည် သမိုင်းတွင်ရစ်မည့် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ဆိုရှယ်လစ်ကျေးလက်ဒေသသစ် တည်ဆောက်ရေးအတွက် ပြည်နယ်နှင့်ဝန်ကြီးအဖွဲ့ အစည်းအဝေးတစ်ရပ်၌ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခဲ့သည်။

ကျေးလက်ဒေသသစ်တစ်ရပ် တည်ဆောက်ရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးကိုလည်း သာတူညီမျှရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကပြောဆိုခဲ့သည်။ ခေတ်မီစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် နှံစားသီးနှံထွက်ကုန် တည်တံ့မှုရှိရန်၊ လယ်ယာလုပ်သားများ၏ ဝင်ငွေတိုးတက်လာရန်နှင့် ကျေးလက်ဒေသများတွင် ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုတိုးတက်ရန်အတွက် စသည့်လုပ်ငန်းရပ်များကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဟု ၎င်းက ကတိပေးပြောကြားခဲ့သည်။ ယခုနှစ်တွင်ကျေးလက်ဒေသ တည်ဆောက်ရေးလုပ်ငန်းများ၌ သုံးစွဲငွေသည် ယမန်နှစ်ကထက် ပိုမိုသုံးစွဲရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောဆိုခဲ့သည်။

ကျေးလက်ဒေသ၌ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများ တိုးတက်မှုဆောင်ရွက်ရာတွင် ငွေကြေးများကို ပိုမိုသုံးစွဲပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကဏ္ဍပေါင်းစုံကို မြို့ပြဒေသများမှ ကူညီထောက်ပံ့ရမည်ဖြစ်သည်ဟုဝမ်ကဆိုသည်။ ကျေးလက်ဒေသများတွင် ပုဂ္ဂလိကကဏ္ဍများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ရန်လည်း အားပေးဆောင်ရွက်ရမည်ဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ တရုတ် ဒုတိယသမ္မတနှင့် အခြားအထက်တန်း အရာရှိများ၊ စီပီစီဗဟိုကော်မတီမှ အဖွဲ့ဝင်များတက်ရောက်ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဖားများမှ ထွက်ရှိသည့် အရည်ဖြင့် ခြင်နိုင်ဆေး ထုတ်ယူနိုင်မည်

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၃**

သြစတြေးလျ သုတေသနပညာရှင်များ၏ ရှာဖွေတွေ့ရှိချက်အရ သဘာဝခြင်နိုင်ဆေးတစ်မျိုးကို အစိမ်းရောင်ရှိ ဖားတစ်မျိုး၏ ကိုယ်ခန္ဓာမှ ထွက်သည့် အရည်များ၏ အနံ့မှ ထုတ်ယူရရှိနိုင်ကြောင်း အင်တာနက်တွင် တင်သည့် ဇီဝဗေဒဆောင်းပါးများဟူ၍ အမည်ပေးထားသော ဂျာနယ်တွင် ဖော်ပြထားသည်။

ကွင်းစလန်းပြည်နယ် မြောက်ပိုင်းရှိ ဂျိမ်းကွတ်တက္ကသိုလ်နှင့် အဲဒီးလိတ်တက္ကသိုလ်တို့မှ သုတေသီများ၏ လေ့လာချက်အရ ထိုအစိမ်းရောင်ဖားများ၏ အရည်ခွဲမှထွက်သော စူးရှသည့် အနံ့သည်ခြင်များကို ထွက်ပြေးစေသဖြင့် သဘာဝခြင်နိုင်ဆေးအဖြစ် အသုံးပြုနိုင်သည်ဟု ဆိုသည်။

ထိုအစိမ်းရောင်ဖား၏ ကိုယ်ခန္ဓာမှ ထွက်သော အနံ့သည် ပုပ်သိုးသွားသောအသား၊ ပုပ်သိုးသွားသော အခွံမာ အသီး၏ အနံ့နှင့် တူသဖြင့် အလွန်နံစော်ပြီး ခြင်များက နှစ်သက်မှုမရှိကြောင်း သုတေသီ ခရီတင်ဝီလျံက သြစတြေးလျအသံလွှင့်ဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



# နိုင်ငံတကာ သတင်းများ

**တိဘက်ဒေသအနောက်ပိုင်း စီချွမ်ဒေသရှိကျောက်တုံးများဖြင့်ဆောက်လုပ်ထားသော တိဘက်ကျေးလက်ဗိသုကာလက်ရာ အဆောက်အအုံတစ်ခုကိုဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



**ပါကစ္စတန်နိုင်ငံ မူဇာဖာရပ်ဒေသတွင် မြေငလျင်လှုပ်စဉ်က အသက်မသေကျန်ရစ်သူမိသားစုအချို့ ရွက်ဖျင်တဲဖြင့်နေထိုင်နေကြသည်ကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



**စင်ကာပူနိုင်ငံ ရေအောက်ပြခန်းတစ်ခုအတွင်း ငါးမန်းတစ်ကောင်အား ရေငုပ်သမားတစ်ဦးက စစ်ဆေးကြည့်ရှုနေသည်ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အာဖဂန်၌ ဗုံးပေါက်ကွဲ

**ကဘူး ဖေဖော်ဝါရီ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒတ်ဖ်ပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် လူနှစ်ဦးသေဆုံးပြီးဂျာမန်တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် အခြားလူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ကန်ဒတ်ဖ်ပြည်နယ်ရှိ ဈေးတစ်ဈေးရှေ့တွင်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၂နာရီခန့်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာလူနှစ်ဦးသေဆုံးပြီး ဂျာမန်တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် အခြားလူ ၁၄ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲဖြစ်သူ မြူတယ်လစ်ဒက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း၊ သို့ရာတွင် ယခုအချိန်အထိ မည်သူကိုမျှ ဖမ်းဆီးထားခြင်းမရှိသေးကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အကြမ်းဖက်မှုအပေါ် တန်ပြန်တိုက်ခိုက်ရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်သင့်ဟုဆို

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၃**

နိုင်ငံတကာ အသိုက်အဝန်းက အကြမ်းဖက် တိုက်ခိုက်မှုအပေါ် အစွဲအလမ်း ကင်းကင်းဖြင့် ပူးပေါင်းကာ ဆန့်ကျင်တိုက်ဖျက်သွားရန် ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ဂွမ်ယာက အင်္ဂါနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အကြမ်းဖက်တိုက်ဖျက်ရေး ကော်မတီသုံးရပ်၏ အကျဉ်းရုံးဖော်ပြချက်များကို အင်္ဂါနေ့တွင် ကြားနာကြခြင်းဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကမ္ဘာ့တစ်ဝန်းရှိ ဒေသအသီးသီးတွင် အကြီးအကျယ် ဖရိုဖရဲဖြစ်ခဲ့ရသည်ဟု ဝမ်က ဆက်လက်ပြောကြားသည်။

အကြမ်းဖက် တိုက်ခိုက်မှုကြောင့် တရုတ်ပြည်သားများ အပါအဝင် အပြစ်မဲ့သည့် အရပ်သူ၊ အရပ်သားများ ရက်ရက်စက်စက် အသတ်ဖြတ် ခံခဲ့ရသည်။ယင်းတိုက်ခိုက်မှု၏ ခြိမ်းခြောက်မှုအန္တရာယ်သည် အစဉ်အမြဲရှိနေကာ ကိုယ့်ကိစ္စကိုယ် လုံးပန်းနေရုံဖြင့် ယင်းအကြမ်းဖက်မှုမှ ကင်းဝေးသွားနိုင်သည်ဟု မျှော်လင့်မနေသင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အကြမ်းဖက် တိုက်ခိုက်မှုအပေါ် နည်းမျိုးစုံဖြင့် ဦးလည်မသုန်တိုက်ခိုက်ဆန့်ကျင်မှုသည် နိုင်ငံအားလုံး၏ ဘုံတာဝန်ဝတ္တရားဖြစ်ပြီး အကြမ်းဖက်မှု တန်ပြန်တိုက်ခိုက်ရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စသည် လုံခြုံရေးကောင်စီအတွက် လေးလေးနက်နက် ဖော်ဆောင်ရမည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး ဝမ်ဂွမ်ယာကို တွေ့ရစဉ်။ *(အင်တာနက်)*

# ပေါ်တူဂီ၌ ကိုကင်းရှစ်တန် သိမ်းဆည်းရမိ

**လစ္စဘွန်း ဖေဖော်ဝါရီ ၂၃**

ပေါ်တူဂီနိုင်ငံ ရဲတပ်ဖွဲ့သည် နိုင်ငံအတွင်း၌ သောကြာနေ့တွင် ကိုကင်းရှစ်တန်ကျော်ကို သိမ်းဆည်းရမိလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပေါ်တူဂီနိုင်ငံတောင်ပိုင်း အယ်လ်ဂါဗီ ကမ္ဘာလှည့်ခရီးသည် အပန်းဖြေဒေသကို ဝင်ရောက်စီးနင်းစဉ် နိုင်ငံတကာ မူးယစ်ဆေးဝါးဂိုဏ်းတစ်ဂိုဏ်း၏ အဖွဲ့ဝင်များဟု ယူဆရသည့် နိုင်ငံခြားသားခုနစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ကိုးကင်းရှစ်တန်ကျော်ကို သိမ်းဆည်းရမိခြင်းမှာ သိမ်းဆည်းရမိသမျှတွင် အများဆုံးသော ပမာဏဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနကို ပြောကြားသည်။ သိမ်းဆည်းရမိသည့် ကိုကင်းတန်ဖိုးမှာ ယူရို သန်း ၂၈၀ ရှိကြောင်း ရဲတပ်ဖွဲ့၏ တွက်ချက်တင်ပြချက်ကို ကိုးကားလျက် လူဆာသတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အင်္ဂလန်၌ ဘဏ်ဓားပြတိုက်မှုဖြစ်ပွား

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

သေနတ်များကိုင်ဆောင်ထားသည့် ဂိုဏ်းတစ်ဂိုဏ်းက ရဲတပ်ဖွဲ့ဝင်များဟန်ဆောင်ကာ အင်္ဂလန်ဘဏ်တစ်ခုမှ ပေါင် ၂၅ သန်း(အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅၆ သန်း) ထက်မနည်းသည့် ငွေများကို ဗုဒ္ဓဟူးနေ့က လုယူသွားခဲ့ရာ ဗြိတိန်နိုင်ငံတွင် အကြီးဆုံးသော ဓားပြမှုကြီးတစ်ခုဖြစ်သည်။

ဓားပြများက အင်္ဂလန်အရှေ့တောင်ပိုင်း ကင့်ဒေသရှိ စစ်သိုလှောင်ရေးဂိုထောင်မှ မန်နေဂျာနှင့်မိသားစုကို ပြန်ပေးဆွဲခဲ့ကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ စစ်သိုလှောင်ရေးဂိုထောင်တွင် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီမှ အပ်နှံထားသည့် ပေါင် သန်း ၄၀ (အမေရိကန် ဒေါ်လာ ၆၉ ဒသမ ၇၀ သန်း)ကိုလည်း ယူဆောင် သွားဖွယ်ရှိသည်ဟု အိုင်တီဗီ ရုပ်မြင်သံကြားအစီအစဉ်တစ်ရပ်တွင် ဖော်ပြထားသည်။

အင်္ဂလန်ဘဏ်က ခိုးယူခံရသည့် ငွေပမာဏနှင့် ညီမျှသည့် အစုရှယ်ယာလက်မှတ်များကို ပြန်ထုတ်ပေးခဲ့သည်ဟု ပြောကြားသည်။ အဆိုပါဘဏ်မှ ဓားပြတိုက်ခံရသည့် ငွေပမာဏနှင့် ပတ်သက်၍ ယခုထက်တိုင် ရှင်းရှင်းလင်းလင်း မရှိသေးပေ။ ယင်းငွေများတွင် အင်္ဂလန်ဘဏ် မှ ငွေများအပြင် အခြားငွေများ ပါဝင်မှုရှိ၊ မရှိလည်း သဲသဲကွဲကွဲမသိရသေးပေ။ ဓားပြများကို ဥပဒေကြောင်းအရ ဆောင်ရွက်မည်ဟု ဘဏ်ကြီးကြပ်ရေးမှူးဖြစ်သူ ပေါလ်ဂလက်စတုန်းက ပြောကြားသည်။

စစ်သိုလှောင်ရေးဂိုထောင်မှ မန်နေဂျာက လုပ်ငန်းခွင်မှ နေအိမ်သို့ အင်္ဂါနေ့ညနေက မော်တော်ယာဉ်မောင်း၍ ပြန်လာရာ ရဲတပ်ဖွဲ့ဝင်များ ဟန်ဆောင်ထားသည့် သေနတ်သမားများက မော်တော်ယာဉ်ကိုရပ်ခိုင်းပြီး လက်ထိတ်ခတ်ကာ ပြန်ပေးဆွဲခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



ဖေဖော်ဝါရီ ၂၂ ရက်က ဓားပြတိုက်မှုဖြစ်ပွား ခဲ့သော ဘဏ်အဆောက်အအုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



မလေးရှားနိုင်ငံ ပီနန်ကျွန်းဒေသ၌ ကမ္ဘာလှည့်ခရီးသည်များအား ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ဂျော်ဂျီယာပင်လယ်ရေပြင်၌ ရေနံယိုဖိတ်မှုဖြစ်ပွား

**မော်စကို ဖေဖော်ဝါရီ ၂၃**

ဂျော်ဂျီယာနိုင်ငံ ဘာတူမီပင်လယ်ဆိပ်ကမ်းရေပြင်၌ ရေနံပြင်ကြီးတစ်ခုကို တွေ့ရှိရကြောင်း၊ ထိုရေနံများသည် မြစ်မှနေ၍ ပင်လယ်ထဲသို့ စီးလာခြင်းဖြစ်သည်ဟု ယူဆရဖွယ်ရှိကြောင်း အင်တာဖက်စ်သတင်းစာက ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေနံပိုက်လိုင်းပေါက်ခြင်း၊ဘာတူမီရေနံတွင်း သို့မဟုတ် ဘာတူမီ ရေနံစည်များမှ ပေါက်ထွက်လာခြင်းဖြစ်မည်ဟု ယူဆရကြောင်း၊ ထိုရေနံယိုဖိတ်ခြင်း၏ အကြောင်းရင်းကို ရှင်းလင်းစွာ မသိရှိရသေးကြောင်း ဂျော်ဂျီယာပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအရင်းအမြစ်ဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။ အဆိုပါ ရေနံပြင်ကြီးကို ကာကွယ်တားဆီးနိုင်ရန် ကျွမ်းကျင်ပညာရှင်များ ဆောင်ရွက်လျက်ရှိသည်။ ရေနံပြင်ကြီးထွက်ရှိနိုင်သည်ဟု ယူဆရသော အဆိုပါ ရေနံလုပ်ငန်းကိုလည်း ရပ်ဆိုင်းထားကြသည်။ ရေနံယိုဖိတ်မှုပမာဏကို သိရှိရန် ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောဆိုခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဗြိတိန်နိုင်ငံအတွက် သူလျှိုလုပ်သူနှစ်ဦးကို ရုရှားအစိုးရကဖမ်းဆီး

**မော်စကို ဖေဖော်ဝါရီ ၂၃**

**ရုရှားနိုင်ငံမှ စစ်ရေးလျှို့ဝှက်ချက်များကို ခိုးယူရန်ကြိုးပမ်းနေသည့် ဗြိတိန်နိုင်ငံမှ သူလျှိုနှစ်ဦးကို ရုရှားအစိုးရက ဖမ်းဆီးလိုက်ကြောင်း အက်ဖ်အက်စ်ဘီ နိုင်ငံလုံခြုံရေးဌာနအကြီးအကဲက ပြောကြားသည်။**

ဗြိတိန်သံတမန်အချို့သည် အမေရိကန်ရုပ်ရှင်မှ ဂျိန်းစဘွန်းပုံစံအတိုင်း သူလျှိုလုပ်ငန်းလုပ်ကိုင်နေကြသည်ဟု ရုရှားက လွန်ခဲ့သည့် လအတွင်းက စွပ်စွဲပြောကြားထားရာ ယင်းသံတမန်များနှင့် ဖော်ပြပါ သူလျှိုနှစ်ဦးတို့ အဆက်အသွယ် ရှိ၊ မရှိ ကွဲကွဲပြားပြား မသိရသေးပေ။ အက်ဖ်အက်စ်ဘီက ၎င်းသူလျှိုနှစ်ဦးကို မည်သည့်အချိန်က ဖမ်းဆီးပြီး မည်သည့် နိုင်ငံသားဖြစ်သည် စသည့် အသေးစိတ်အချက်အလက်များ ပြောကြားခြင်းမရှိပေ။

ရုရှားစစ်ဘက်မှ လျှို့ဝှက်ချက်များ လေ့လာသိရှိရန်အတွက် ဗြိတိန်ထောက်လှမ်းရေးမှ သူလျှိုများ၏ တက်ကြွစွာ ကြိုးပမ်းမှုနှင့်ပတ်သက်သည့် ယုံကြည်လောက်သည့် အထောက်အထားများကို အက်ဖ်အက်စ်ဘီက ရရှိထားသည်ဟု သမ္မတ ပူတင်၏ မိတ်ဆွေတစ်ဦးဖြစ်ခဲ့သူ နီကိုလေပါထရူရှက်ဖ်က အင်တာဖက်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ ပက်ထရူရှက်ဖ်က အခြားဗြိတိန် ထောက်လှမ်းရေးဆိုင်ရာ သူလျှိုလှုပ်ရှားမှုများကိုလည်း သိရှိခဲ့သည်ဟု ပြောကြားသည်။ သို့ရာတွင် ပြောကြားရန်အချိန်စောလွန်းသေးသည်ဟု ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ဂရိ၌ စစ်ရဟတ်ယာဉ်ပျက်ကျ

**အေသင် ဖေဖော်ဝါရီ ၂၃**

ဂရိနိုင်ငံ ကြည်းတပ်မှ စစ်ရဟတ်ယာဉ်တစ်စင်းသည် ညဘက်လေ့ကျင့်ပျံသန်းစဉ် ဂရိနိုင်ငံ မြောက်ပိုင်းတွင် ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသည့်အရာရှိနှစ်ဦး သေဆုံးသွားကြောင်း ဒေသဆိုင်ရာ သတင်းမီဒီယာဌာနများက တနင်္လာနေ့တွင် ဖော်ပြသည်။ တပ်ဖွဲ့ဝင် လေးဦးလိုက်ပါလာသည့် ရဟတ်ယာဉ်သည် တနင်္လာနေ့ညတွင် ရေဒါမှ ပျောက်ကွယ်သွားပြီးနောက် ဂရိနိုင်ငံ မီလစ်ဆီဒေသ၌ ပျက်ကျခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက အလောင်းနှစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အေသင်သတင်းဌာနနှင့်အီအာတီရုပ်မြင်သံကြားဌာနတို့က ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ငံတကာသတင်းများ

# ပြန်ပေးဆွဲခံခဲ့ရသည့် ထိုင်းနိုင်ငံသားနှစ်ဦး လွတ်မြောက်ရေး အကြမ်းမဖက်သည့်နည်း သုံးရန် တိုက်တွန်း

**ဇန်ကောက် ဖေဖော်ဝါရီ ၂၃**

နိုင်ဂျီရီးယားနိုင်ငံတွင် ပြည်ပ ရေနံလုပ်သားခုနစ်ဦးနှင့်အတူ တိုက်ခိုက်ရေးသမားများ၏ ပြန်ပေးဆွဲခံခဲ့ရသည့် ထိုင်းနိုင်ငံသားနှစ်ဦး လွတ်မြောက်ရေးအတွက် ငြိမ်းချမ်းသည့် ကြိုးပမ်းမှုများဖော်ဆောင်နိုင်ရန် လိုအပ်နေသည်ဟု ထိုင်းအစိုးရက ပန်ကြားကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြလိုက်သည်။

တွန်းလှန်တိုက်ခိုက်ရေးသမားများအပေါ် အင်အားသုံးတိုက်ခိုက်မှုသည် သင့်လျော်မှုမရှိသဖြင့် ၎င်းတို့လွတ်မြောက်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုသာ ပြုလုပ်သင့်သည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူဖမ်မွန်ခွန်က နိုင်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီး အိုလူယီမီအောဒင်နီဂျီသို့ တယ်လီဖုန်းဖြင့် ဆက်သွယ် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့တွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြည့်ရှုလေ့ရှိသည့် တိရစ္ဆာန်ရုံအတွင်းမှ ခြင်္သေ့ကြီးများကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ကိုလံဘီယာ၌ ကိုကင်းကီလို ၉၃၀ သိမ်းဆည်းရမိ

**ဘိုဂိုတာ ဖေဖော်ဝါရီ ၂၃**

ကိုလံဘီယာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့သည် ဘူနာဗင်တူရာမြို့အနီး ပစိဖိတ်သမုဒ္ဒရာရေပြင်တွင် စွန့်ပစ်ထားခဲ့သည့် မော်တော်ဘုတ်တစ်စင်းပေါ်မှ ကိုကင်းကီလို ၉၃၀ ကို သိမ်းဆည်းရမိလိုက်ကြောင်း ကိုလံဘီယာနိုင်ငံ ပစိဖိတ်ရေတပ်စခန်းမှ ဒုတိယဗိုလ်မှူးကြီး ဂျာရိုပီနာက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

မော်တော်ဘုတ်ပေါ်မှ လူနှစ်ဦးသည် ကမ်းခြေစောင့်တပ်ဖွဲ့ကို တွေ့သည့်အခါ ရေထဲခုန်ချပြီး ကမ်းခြေဘက်သို့ ရေကူးပြေးသွားကြောင်း ပီနာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# မြစ်ရောအနောက်ခြမ်းမှ ဖွံ့ဖြိုးမှုအလှပန်းများ

ဇေယျာမျိုးထက်

မြစ်တို့သည် မြင့်ရာမှနိမ့်ရာသို့ စီးဆင်း၏။ မိဘများ၏ မေတ္တာသည် သားသမီးများအပေါ် စမ်းရေပမာ အေးမြစွာ သာတူညီမျှ ချစ်တတ်ကြ၏။ စန္ဒာလမင်းကြီး၏ အေးမြသောလရောင်သည် ကမ္ဘာမြေကြီးပေါ်သို့ မျှတစွာ ဖြန့်ကြက်ဖြာဆင်းကာ လူသားတို့၏ စိတ်နှလုံးအား ညီတူညီမျှ ချမ်းမြေ့မှုများ ပေးစွမ်း၏။ ထို့အတူ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟချက်များ လျော့နည်းရေး၊ ပြည်သူများ၏ လူနေမှု အဆင့်အတန်းမြင့်မားရေးတို့ အတွက် လိုအပ်သော အစီအမံများ ချမှတ်၍ စနစ်တကျ အကောင်အထည် ဖော်ပေးလျက်ရှိ၏။ ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဟူသော ဖွံ့ဖြိုးရေးစီမံကိန်းကြီး(၃)ရပ်ကို တစ်ပြိုင်နက်တည်း ပေါင်းစည်းဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အစိုးရသည် နိုင်ငံအတွင်း မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသော ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ကူးသန်းသွားလာရေး လွယ်ကူစေရန်အတွက် မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့သည်။ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တံတားများဆောက်၊ လမ်းများဖောက်၍ ဒေသဖွံ့ဖြိုးရေး အစီအမံများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်း၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့များနှင့် မကွေးတိုင်းအတွင်းရှိ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့များတွင် ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့မှုများကို လက်တွေ့ကျကျ မြင်တွေ့နေရပြီ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ ယခုအခါ သိသိသာသာ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးလာပြီဖြစ်သည်။ နိုင်ငံတော်က ယခုကဲ့သို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသည် မြို့ပြနှင့် ကျေးလက် ကွာဟမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေး



ယင်းမာပင်မြို့ တိုးချဲ့ မြို့ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

နေခြင်း ဖြစ်သည်။ ယခုအခါ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျေးရွာတိုင်းလိုလိုပင် စီးပွားရေး၊ ပညာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာသည်ကို မြင်တွေ့နေရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့များတွင် တိုးချဲ့မြို့ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲများကို ကျင်းပပေးခဲ့ပြီး ဖြစ်သည်။

ဒေသခံပြည်သူများသည် သန့်ရှင်းသော သောက်သုံးရေများကို ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက် အသုံးပြုနိုင်ကြပြီ ဖြစ်သလို စုပေါင်းအများသုံး အုတ်ရေကန်မှ တစ်ဆင့်လည်း အလွယ်တကူ ခပ်ယူအသုံးပြုနိုင်ကြပြီ ဖြစ်သည်။ စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီးမြို့များ၌ တိုးချဲ့ မြို့ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယင်းမာပင်မြို့၌ ကုန်ကျငွေကျပ် ၁၀၈ သိန်း၊ ပုလဲမြို့တွင် ကုန်ကျငွေကျပ် ၁၃၆ သိန်း၊ ဆားလင်းကြီးမြို့တွင် ကုန်ကျငွေ ကျပ် ၂၀၅ သိန်းတို့ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် မြို့တွင်းကတ္တရာလမ်းများ ဖောက်လုပ်အဆင့်မြှင့်တင် ပေးရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့သည်။

ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကို ၁၉၉၂ ခုနှစ်မှစ၍ ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ၃၄ ကျောင်းရှိပြီ ဖြစ်သည်။ ထိုကျောင်းများကို အမျိုးသမီးငယ်များ အိမ်တွင်းမှု အတတ်ပညာဖြင့် ကိုယ်ပိုင်စီးပွားရေးထူထောင်ရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းသည့် အကျင့်စာရိတ္တ ကောင်းမွန်သော အမျိုးသမီးငယ်များ ဖြစ်လာစေရန်၊ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန် ထက်မြက်လာစေ ရန်နှင့် ရိုးရာယဉ်ကျေးမှု၊ အိမ်တွင်းမှုပညာရပ်များ ပိုမိုထွန်းကားပြန့်ပွားလာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးထားခြင်း ဖြစ်သည်။ ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီး မြို့များ၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ သင်တန်းကျောင်းများ၌ အခြေခံစက်ချုပ်၊ အဆင့်မြင့် စက်ချုပ်၊ ဇာထိုးပန်းထိုး၊ သိုးမွေးစက်ဆွဲ၊ အစားအစာနှင့် ဟင်းလျာချက်ပြုတ်နည်းပညာ စသည့် အိမ်တွင်းမှု ပညာရပ်တို့ကို သင်ကြားပေးလျက်ရှိသည်။ သင်တန်းကျောင်းများတွင် ဒေသအတွင်းရှိ အမျိုးသမီးငယ်များ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ၁၄ ပတ် ကြာမြင့်သည်။ သင်တန်းတက်ရောက်စဉ် ကာလအတွင်း သင်တန်းကုန်ကျစရိတ် အားလုံးကို အခမဲ့ ဖြည့်ဆည်းဆောင်ရွက်ပေး သကဲ့သို့ သင်တန်းဆင်းပြီးပါကလည်း မိမိတို့ တတ်မြောက်ထားသည့် အိမ်တွင်းမှုပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် အမျိုးသမီးငယ်လေးများ စက်ချုပ်လေ့ကျင့်နေစဉ်။

စစ်ကိုင်းတိုင်းအတွင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့များ၌ နိုင်ငံတော်၏ စေတနာကြောင့်ဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးမှု အသီးအပွင့်များကို ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ခံစားနေရပြီ ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မကွေးတိုင်းအတွင်း ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးရေးအတွက် ပခုက္ကူ၊ ရေစကြို၊ ပေါက်၊ မြိုင်နှင့် ဆိပ်ဖြူမြို့နယ်များတွင် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်း၊ မြို့ရေပေးဝေရေးလုပ်ငန်း၊ မြို့တွင်းလမ်းများ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဖွင့်လှစ်ပေးခြင်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းတွင် ပခုက္ကူခရိုင်အတွင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့များတွင် ကျေးရွာပေါင်း ၁၂၀၉ ရွာရှိသည့်အနက် ၁၀နှစ်စီမံကိန်းအရ ဆောင်ရွက်ပေးရမည့်ကျေးရွာ ၃၃၅ ရွာရှိရာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၂၁၆ရွာအား ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။ ကျန်ရှိသောကျေးရွာ ၁၁၉ ရွာအား ခရိုင်လုံးကျွတ် စီမံကိန်းအဖြစ် ရေရရှိရေးလုပ်ငန်းပေါင်း ၁၁၉ ခုကို ဘဏ္ဍာငွေကျပ် ၂၂၈၆ သိန်းကျော်အကုန်အကျခံ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ပခုက္ကူခရိုင်လုံးကျွတ် ကျေးရွာအားလုံးရေရရှိခဲ့ပြီ ဖြစ်သည်။

မြို့ရေပေးဝေရေးလုပ်ငန်းအနေဖြင့် ပခုက္ကူမြို့တွင် ငွေကျပ် ၇၅၉ သိန်း၊ ရေစကြိုမြို့တွင် ငွေကျပ် ၅၈၁ သိန်း၊ မြိုင်မြို့တွင် ကျပ် ၅၁၅ ဒသမ ၇၅ သိန်း၊ ပေါက်မြို့တွင် ကျပ် ၃၂၃ သိန်း၊ ဆိပ်ဖြူမြို့တွင် ကျပ် ၂၀၈ ဒသမ ၃ သိန်း အသီးသီးအကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော် အစိုးရသည် နယ်စပ်ဒေသများသာမက မြို့ပြနှင့် ကျေးလက်ဒေသများအပါအဝင် ပြည်နယ်၊ တိုင်းအားလုံး ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြများ ခေတ်မီ ဖွံ့ဖြိုးစည်ပင်လာသကဲ့သို့ ကျေးလက်ဒေသများသည်လည်း ဖွံ့ဖြိုးတိုးတက်လျက် ရှိပေသည်။

ယခုအခါ **နိုင်ငံတော်က ထားရှိသောစေတနာကြောင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ပေါ်လာပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြသကဲ့သို့ ဖြစ်တည်ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းတိုင်းကိုလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်သာ** ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ သိသိသာသာ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးလာပြီ ဖြစ်သည်။ နိုင်ငံတော်က ယခုကဲ့သို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသည် မြို့ပြနှင့် ကျေးလက် ကွာဟမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။ ယခုအခါ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ကျေးရွာတိုင်းလိုလိုပင် စီးပွားရေး၊ ပညာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာသည်ကို မြင်တွေ့နေရသည်။

# ဒုတိယဝန်ကြီး ဦးမြင့်သိန်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ သတ္တုတွင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

**သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဖေဖော်ဝါရီ ၂၂ရက်တွင် နမ္မတူမြို့ရှိ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း အခြေခံသတ္တုတွင်းလုပ်ငန်း သင်တန်းအမှတ်စဉ်(၁၆)ဆင်းပွဲသို့ တက်ရောက်ပြီး ဝန်ကြီး၏ကိုယ်စား သင်တန်းဆင်းအမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် ထူးချွန်သူများ၊ အကောင်းဆုံးသင်တန်းသားဆုနှင့် သင်တန်းအောင်လက်မှတ်များကို ချီးမြှင့်သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် သင်တန်းကျောင်းရှိ သင်တန်းဆောင်များနှင့် အထောက်အကူပြုပစ္စည်းများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နမ္မတူမြို့ရှိ ခဲသွပ်သန့်စင်ကျိုချက်စက်ရုံများသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း အထွေထွေမန်နေဂျာက ၂၀၀၅ ခုနှစ် တတိယလေးလပတ်အတွင်း ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများနှင့် ၂၀၀၆ ခုနှစ် ပထမလေးလပတ်အတွင်း ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး နမ္မတူ/ဘော်တွင်း သတ္တုတွင်းလုပ်ငန်း၏ မြေပေါ်မြေအောက် သတ္တုတူးဖော်ရေး လုပ်ငန်းများ၊ အခြား ဆက်လက်ဆောင်ရွက်ရမည့် အထောက် အကူပြုလုပ်ငန်းများအတွက် ရေတိုရေရှည်ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေး၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ဆွေးနွေးကြကာ ဒုတိယဝန်ကြီးက ဆက်လက်ဆောင်ရွက်သင့်သည့်အစီအစဉ်များကိုချမှတ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကုန်းညောင်နှင့် မန်ဆန်ရေကျ ရေအားလျှပ်စစ်ထုတ်လုပ်သည့် စက်ရုံများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ဝန်ထမ်းများ၏ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို လိုက်လံ ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၃ရက်တွင် သီပေါဂေါဒန်ကျောက်သတ္တုတွင်းသို့ ရောက်ရှိ၍ ဂေါဒန်ကျောက်များ လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရေး၊ ရေရှည်အကောင်အထည် ဖော်ရမည့် သတ္တုတွင်း ဒီဖိုင်းပါလုပ်ငန်းများကို ကြည့်ရှုဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်အမှတ်(၁) သံနှင့်သံမဏိစက်ရုံသို့ ရောက်ရှိပြီး သံပွအခြေခံ၍ သံစိမ်း သံမဏိနှင့် အထူးသံမဏိများ၊ သံမဏိဘောများကို ကြိုးပမ်းထုတ်လုပ်သွားကြရန်မှာကြားသည်။(သတင်းစဉ်)

# ၂၀၀၅ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

၂၀၀၅ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်း အမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏာ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး ၂၀၀၅ခုနှစ် ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှု ပြည်နယ်နှင့်တိုင်း အဆင့်တွင်ပထမရရှိသော မန္တလေးတိုင်း၊ ဒုတိယရရှိသော ပဲခူးတိုင်းနှင့် တတိယရရှိသော စစ်ကိုင်းတိုင်းတို့အား ဒိုင်းဆုများကို ချီးမြှင့်သည်။

ယင်းနောက် ၂၀၀၅ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု မြို့နယ်အဆင့်တွင် ပထမရရှိသော မြစ်ကြီးနားမြို့နယ်၊ ဒုတိယရရှိသော ရွှေဘိုမြို့နယ်နှင့် တတိယရရှိသော မြဝတီမြို့နယ်တို့အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ဒိုင်းဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ဝတ္ထုတိုပြိုင်ပွဲ၌ ဆုရရှိကြသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိကြသူများအား မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ဆုရရှိကြသူများအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ နာယက အဖွဲ့ဝင် ပါမောက္ခဒေါက်တာဒေါ်ခင်မေအုန်းက လည်းကောင်း ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၀၅ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ပြည်နယ်နှင့်တိုင်း အဆင့် ပထမဆုရရှိသော မန္တလေးတိုင်းအား ဒိုင်းဆုချီးမြှင့်စဉ်။** (အား/ကာ)



# ထိုင်းနိုင်ငံ–နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ လေ့လာရေးအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ –နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်မှ Maj. Gen. Sirichai Ratanavaraha ခေါင်းဆောင်သည့် သင်တန်းသား လေ့လာရေးအဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားကြသည်။

ထိုင်းနိုင်ငံ–နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား လေ့လာရေး အဖွဲ့ဝင်များအား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Suphot Dhirakaosal၊ စစ်သံမှူး Col. Prissapa Suvanatat နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## ပြန်လည်ထွက်ခွာ

**ထိုင်းနိုင်ငံ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ Maj. Gen. Sirichai Ratanavaraha ခေါင်းဆောင်သည့် သင်တန်းသား လေ့လာရေးအဖွဲ့ဝင်များ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

**ဖေဖော်ဝါရီ၂၃ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဘေးတွင် ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းအတွက် ရပ်ကွက်ဥက္ကဋ္ဌဦးစန်းလွင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ မြေသြဇာအိတ်များအတွင်း ကြက်ဆူစေ့များ ထည့်သွင်းကာ ကြက်ဆူပင်ပျိုးခင်း စုပေါင်းဆောင်ရွက်ကြစဉ်။** (၃၂)



# တွံတေးသီတဂူ အထူးတရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းအနောက်ပိုင်း ပြည်မြို့နယ် ပေါင်းတလည်မြို့ မင်္ဂလာစက်ကျောင်းတိုက်ကြီး၏ ရာပြည့်ပွဲနှင့် မဟာဓမ္မပါလ သာသနာ့ဗိမာန်တော် ရေစက်သွန်းချလှူဒါန်းပွဲ အထိမ်းအမှတ်အဖြစ် မတ် ၂ရက် (ကြာသပတေးနေ့)တွင် တွံတေးအရှင်ဣန္ဒက(ဓမ္မကထိကဗဟုဇနဟိတဓရ)က လည်းကောင်း၊ မတ် ၃ရက်(သောကြာနေ့)တွင်သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt, Ph.D) က လည်းကောင်း တရားတော်များဟောကြားမည်ဖြစ်သည်။ (က–ပ)

# မြဝတီသာသနာ့ရိပ်သာ ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်မြဝတီ သာသနာ့ရိပ်သာ၌ (၁၅)ကြိမ်မြောက်ရဟန်းခံ၊ ရှင်ပြု၊သီလရှင်ဝတ်ပွဲနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုတစ်လသင်တန်း အလှူတော်မင်္ဂလာအခမ်းအနားကို ၁၃၆၇ခုနှစ် တပေါင်းလဆန်း ၁၃–၁၄ရက်(မတ် ၁၁၊ ၁၂ရက်)တို့တွင် ယင်းသာသနာ့ ရိပ်သာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရဟန်း၊ သာမဏေ သင်္ကန်းပရိက္ခရာအစုံနှင့် သီလရှင်အတွက် သီလရှင်ဝတ်စုံတို့ကို လှူဒါန်းနိုင်ပြီးဝိပဿနာ တရားစခန်းပွဲတွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် ညနေ ဖျော်ရည်ဆွမ်းတို့ကို သဒ္ဓါအလျောက် လှူဒါန်းလိုပါက မဟာစည်မြဝတီသာသနာ့ရိပ်သာ ဖုန်း–၅၇၂၆၆၄သို့ ဆက်သွယ် စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၀၆)

# ဘင်္ဂလားဒေ့ရှ်တွင် ကလေး ၃၃သန်းခွဲအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးပေးမည်

**ဒါကာ ဖေဖော်ဝါရီ ၂၃**

ကမ္ဘာ့အကြီးဆုံး ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ထိုအစီအစဉ်အရ ဘင်္ဂလားဒေ့ရှ်ရှိကလေးငယ်ပေါင်း ၃၃ဒသမ၅သန်း တို့ကို သီတင်း သုံးပတ်ကြာလုပ်ဆောင်မည့် ဝက်သက်ကာကွယ်ဆေးထိုးနှံရေးကာလအတွင်း ကာကွယ်ဆေးများ ထိုးပေးသွားမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်တွင် ကလေးငယ်ပေါင်း ၂၀၀၀၀ခန့်သည် နှစ်စဉ်ဝက်သက်ရောဂါနှိပ်စက်မှုကြောင့် အသက်ဆုံးရှုံးကြရသည်။ အထက်ပါကာကွယ်ဆေး ထိုးနှံရေးအစီအစဉ်ကို ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အုပ်ချုပ်မှုဒေသပေါင်း ၆၄ခရိုင်ရှိရာ ယခုအစီအစဉ်တွင် ၆၂ခရိုင်အထိ လွှမ်းခြုံပါဝင်မည်ဖြစ်သည်။ ထိုကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို ဖေဖော်ဝါရီ၂၆ရက်တွင် စတင်မည်ဖြစ်ပြီး အသက်ကိုးလမှ ၁၀နှစ်အရွယ်အထိ ရှိသော ကလေးအားလုံးကို ဝက်သက်ကာကွယ်ဆေးထိုးပေးသွားမည် ဖြစ်သည်။ (အင်တာနက်)



**ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့ ဝက်သက်ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို အင်ဒိုနီးရှားနိုင်ငံအာချေးဒေသ၌ ၂၀၀၅ခုနှစ်နှစ်ဆန်းပိုင်းက ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။** (အင်တာနက်)

# ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းပညာသင်တန်းဖွင့်

ရန်ကုန်　　ဖေဖော်ဝါရီ　　၂၄

**ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် လှိုင်သာယာမြို့နယ် အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက အမှာစကားပြောကြားသည်။**

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ခရိုင် မြေစာရင်း ဦးစီးဌာနနှင့် ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် စက်မှုဇုန်တာဝန်ခံများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ မြို့နယ် ရှစ်မြို့နယ်တို့မှ သင်တန်းသား ၈၀၊ စက်မှုဇုန် လေးခုတို့မှ သင်တန်းသား ၄၀ စုစုပေါင်း သင်တန်းသား ၁၂၀တို့ တက်ရောက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများသည် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကို သွားရောက် ကြည့်ရှုကြသည်။ (သတင်းစဉ်)

# သီတဂူ ရေအလှူတော်ရေစက်ချတရားပွဲ

**ရန်ကုန်　　ဖေဖော်ဝါရီ　　၂၄**

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ၁၆ရပ်ကွက်၊ မာလာမြိုင်(၁)လမ်း၌ စစ်ကိုင်းတောင်ရိုး သီတဂူရေအလှူတော်အတွက် ရေစက်ချလှူဒါန်းပွဲ အထိမ်းအမှတ် အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၆ရက်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိသရ၊ ဖေဖော်ဝါရီ ၂၇ရက်တွင် အောင်စကြာ မိုးကုတ် ဆရာတော် အရှင်စန္ဒသိရီ (ဓမ္မာစရိယ)၊ ဖေဖော်ဝါရီ ၂၈ရက်တွင် အောင်ဆန်း မိုးကုတ်ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ) တို့က တရားတော်များဟောကြားမည်ဖြစ်ရာ ညစဉ်တရားနာယူနိုင်ကြောင်း သိရသည်။ (က–ပ)

# ရန်ကုန်တိုင်းနှင့် မြောက်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန်　　ဖေဖော်ဝါရီ　　၂၄

**ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်အလိုက် လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များကို ညှိနှိုင်း ဆွေးနွေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အမျိုးသမီးများ မိသားစုဝင်ငွေတိုး လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မတည်ထောက်ပံ့ငွေ ကျပ် ၂၅၀၀၀၀ကို ခရိုင်အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်စောရွှေနှင့် ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေ တို့ထံ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် ဧည့်သည်များသည် ပြသထားသည့် ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

# နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**

**(၂၆–၂–၂၀၀၆)ရက်နေ့**

**၂၀၀၆ ခုနှစ် မတ်လအတွက်**

**(၁၂–၃–၂၀၀၆)ရက်နေ့**

**နှင့်**

**(၂၆–၃–၂၀၀၆)ရက်နေ့**

# ပေးအပ်

**ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်မာမာဝေ အမျိုးသမီးများ မိသားစုဝင်ငွေတိုးလုပ်ငန်း ဆောင်ရွက်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မတည်ထောက်ပံ့ ငွေကျပ် ၂၅၀၀၀၀ ကို ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်စောရွှေနှင့် ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေတို့ထံ ပေးအပ်စဉ်။** (သတင်းစဉ်)



# ရန်ကုန်အနောက်ပိုင်းခရိုင် မိသားစုဝင်ငွေတိုးလုပ်ငန်း မတည်ငွေပေးအပ်ပွဲနှင့် ဝင်ငွေတိုးလုပ်ငန်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန်　　ဖေဖော်ဝါရီ　　၂၄

**ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ မိသားစုဝင်ငွေတိုးလုပ်ငန်း မတည်ငွေပေးအပ်ပွဲနှင့် ဝင်ငွေတိုးလုပ်ငန်းများ ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန် အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။**

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရေ့လုပ်ငန်းစဉ်များနှင့်အညီ မိခင်နှင့် ကလေးတို့၏ လူနေမှုဘဝ မြင့်မားစေရေးအတွက် ဆောင်ရွက်ကြရမည့် မိသားစုဝင်ငွေတိုးလုပ်ငန်းများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ပန်းအလှပြင်ပြိုင်ပွဲ၊ သစ်သီးအလှပြင်ပြိုင်ပွဲနှင့် မြန်မာမုန့်ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

**(အောက်ဝဲပုံ)**

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်တို့က ခရိုင်အတွင်းရှိမြို့နယ် ၁၃မြို့နယ်မှ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းများအတွက် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ရန် မတည်ငွေ ကျပ် ၅၀၀၀၀စီကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌများထံ ပေးအပ်သည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ ကိုယ်စား ဗဟန်းမြို့နယ်မှ အသင်းဝင် ဒေါ်ခိုင်ခိုင်ဝင်းက မိသားစုဝင်ငွေတိုး လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် မတည်ငွေ ပေးအပ်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသည့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၏ ပန်းအလှပြင်၊ သစ်သီးအလှဆင်နှင့် မြန်မာမုန့်ပြိုင်ပွဲ ပြိုင်ပွဲဝင်လက်ရာများကို လိုက်လံကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)




# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၅–၂–၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | **မိုးကုတ်ဆရာတော်ကြီး တရားတော် –မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်သို့ပို့နိုင်ပုံ** |
| ၉:၁၀ | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| ၉:၁၁ | ၁၁။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၁၅ | ၄။ | ကျန်းမာသုတ |
| ၁၂:၃၅ | ၅။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၅၀ | ၆။ | **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် –မပြောင်းလဲသောအချစ် (အပိုင်း–၁)** |
| ၁:၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၉ | ၈။ | အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၉။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ချစ်သူစုံတွဲတူယှဉ်နွှဲ |
| ၄:၃၀ | ၄။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄:၄၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၅ | ၆။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅:၃၀ | ၇။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၅:၅၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နေခြည်ဖြာမှ" (အပိုင်း–၁၆) ဇာတ်သိမ်း** |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | **English Premier League ဘောလုံးပွဲအစီအစဉ် – Chelsea Vs Post Mouth (Live)** |
| ° ° ° ° ° ° ° ° ° ° | ၁၉။ | သင့်အတွက်မနက်ဖြန် |
| | ၂၀။ | အပိတ်နှုတ်ဆက်စကား |
| | ၂၁။ | ပြီးပါပြီ။ |



ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) အား အမှူးထား၍ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေး)-ဒေါ်ခင်ချိုဦး၊ သား ကောင်းထိုက်ထွန်းတို့က ရွှေပါရမီ ဓမ္မစာပေပြန့်ပွားရေးအတွက် အလှူတော်ငွေ ကျပ်သိန်း ၁၀၀၊ တောင်တွင်းကြီးမြို့ မင်းဘုံကျော် ဘုရားကြီးပြုပြင်ရန်အတွက် အလှူငွေကျပ် သိန်း ၆၀၊ မော်ဘီ ဓမ္မဝိဟာရ သိမ်ဆောက်လုပ်ရန် အတွက် မတည်ငွေကျပ် သိန်း ၁၀၀၊ မျက်စိခွဲစိတ်ရာတွင် အသုံးပြုသည့် မိုက်ခရိုစကုပ်အတွက် အက်ဖ်အီးစီ ၁၂၅၀ တို့ကို လှူဒါန်းရာ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး အတွင်းရေးမှူး ဦးဌေးမြင့် လက်ခံရယူစဉ်။ (က-ပ)



မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၂၁ ရက်က ဖခင်ကြီး ဦးထွန်းမြိုင်၊ မိခင် ဒေါ်လွန်းခင်အား ရည်စူး၍ မော်လမြိုင်၊ ပန်းဘဲတန်းရပ်၊ အမှတ်(၁) ရုံးကြီးလမ်းနေ ဒေါ်အေးပိုမိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (၂၅၇)



အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ဝင်းဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

# အာရှဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများစတင်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဆော်ဒီတို့ အနိုင်ရ

**ယိုကိုဟားမား ဖေဖော်ဝါရီ ၂၃**

အာရှ ဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ)က ကြီးမှူးကျင်းပသော အာရှဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပရာ ဂျပန်နိုင်ငံအသင်းက အိန္ဒိယနိုင်ငံအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံအသင်းက ဆီးရီးယားနိုင်ငံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဆော်ဒီအာရေဗျနိုင်ငံအသင်းက ယီမင်နိုင်ငံအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဗုဒ္ဓဟူးနေ့က ကျင်းပသော အဖွင့်ခြေစစ်ပွဲစဉ်တွင် တရုတ်နိုင်ငံအသင်းက ပါလက်စတိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အီရန်နှင့်



ဖေဖော်ဝါရီ ၂၂ရက်က ဆီးရီးယားနိုင်ငံ အလက်ပိုမြို့၌ ကျင်းပသည့် အာရှဖလား အုပ်စုခြေစစ်ပွဲတွင် ဆီးရီးယားနိုင်ငံ အသင်းဘက်သို့ ဂိုးသွင်းနိုင်ခဲ့ပြီးနောက် တောင်ကိုရီးယားအသင်းသားများ အောင်ပွဲခံကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဖေဖော်ဝါရီ ၂၂ရက်က ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင်ကျင်းပသော အာရှဖလား အုပ်စုခြေစစ်ပွဲတွင် ဂျပန်နိုင်ငံအသင်းမှ တိုက်စစ်မှူး ဟီဆာတိုဆာတိုး (၀)နှင့် အိန္ဒိယနိုင်ငံအသင်း နောက်တန်းလူ မပက်ရှ်ဂေါလ်တို့ ယှဉ်ပြိုင်ကစား ကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်တိုင်ပေတို့၏ ခြေစစ်ပွဲတွင်မူ အီရန်နိုင်ငံအသင်းက လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။

**စိတ်ဝင်စားစရာကောင်း**

၂၀၀၇ ခုနှစ်တွင် ကျင်းပမည့် အာရှဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအတွက် အုပ်စု(က)တွင် ပါဝင်သောအသင်းများ၏ ခြေစစ်ပွဲမှာ ဘောလုံးပရိသတ်အတွက် စိတ်ဝင်စားစရာကောင်းနေသည်။ အုပ်စု(က)တွင် ပါဝင်သော ဂျပန်နိုင်ငံအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲ အောင်မြင်ထားသည့် အသင်းဖြစ်ပြီး အာရှဖလား ဘောလုံးပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းလည်း ဖြစ်သည်။

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် ကျင်းပသည့် ခြေစစ်ပွဲ၌ ပထမပိုင်းတွင် ဂျပန်နိုင်ငံအသင်း၏ တိုက်စစ်မှူး တက်စုဟီကိုကူဘိုက အဖွင့် ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်းတွင် ဂျပန်အသင်းသားများက နောက်ထပ်ငါးဂိုး သွင်းယူခဲ့ကြသည်။

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ အလက်ပိုမြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပသော ခြေစစ်ပွဲ၌ တောင်ကိုရီးယားနိုင်ငံအသင်းက ဆီးရီးယားနိုင်ငံ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ခ)တွင် ပါဝင်သော တောင်ကိုရီးယားနိုင်ငံအသင်းသည်လည်း ဂျပန်နိုင်ငံအသင်းနည်းတူပင် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ထားသည်။

ဘာရိန်းတွင် ကျင်းပသည့် ခြေစစ်ပွဲတွင်မူ ဩစတြေးလျနိုင်ငံအသင်းက ဘာရိန်းနိုင်ငံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ***အင်တာနက်။***

# ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ခြံစည်းရိုးကြက်ဆူပျိုးပွဲတော် အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၏ ခြံစည်းရိုး ကြက်ဆူပျိုးပွဲတော် အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း စာသင်ဆောင် (၆)ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါ်ခင်ခင်သော်နှင့် ဒေါ်ငြိမ်းငြိမ်းဆင့်တို့က ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ကျောင်းဘင်ခရာအဖွဲ့နှင့်တွဲဖက်၍ "မြန်မာ့ကျောင်း" သီချင်းကို သီဆိုဂုဏ်ပြုကြသည်။

**စိုက်ပျိုး**

ထို့နောက် ကျောင်းအုပ်ဆရာမကြီး၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများက ခြံစည်းရိုး ကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။ **(ဓါပုံ)**

**ကြည့်ရှုအားပေး**

ဆက်လက်၍ ကျောင်းကောင်စီအသင်း ငါးသင်းမှ ကျောင်းသားကျောင်းသူများက ခြံစည်းရိုး ကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးကြရာကျောင်းအုပ်ဆရာမကြီးနှင့် ဧည့်သည်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသာဒင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ခြံစည်းရိုး ကြက်ဆူမျိုးစေ့များ အများဆုံးလှူဒါန်းကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ တန်းခွဲအလိုက် အတန်းပိုင်ဆရာမများနှင့် အတန်းအလိုက် အတန်းမှူး ဆရာမများအား ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ကျောင်းဘင်ခရာအဖွဲ့နှင့်တွဲဖက်၍ "ဓာတိမာန်" သီချင်းကို သီဆိုဂုဏ်ပြုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဧည့်သည်များသည် ခြံစည်းရိုးကြက်ဆူပင်နှင့် စပ်လျဉ်း၍ ပြသထားသော နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

**ထည့်သွင်းစိုက်ပျိုး**

အဆိုပါ ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်တွင် မျိုးစေ့ပေါင်း ၂၁၀၀၀ကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးကြသည်။ (သတင်းစဉ်)





ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သာယာလှပရေးလုပ်ငန်းများကို မြို့နယ်အမှုဆောင်အရာရှိ ဦးသက်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းနှင့် ဝန်ထမ်းများသည် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်က ကျိုက်ထီးရိုးပြတိုက်ရှေ့ မြက်ခင်းပြင် အလှပြုပြင်ဆောင်ရွက်ထားရှိမှုအား တွေ့ရစဉ်။ (မြို့နယ်/စည်ပင်)

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး

✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး

✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး

✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✻ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ် နာဆာ အယ် မိုဟာမက် အယ် အာမက် အယ်ဆာဘားသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



# တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် အမ်းမြို့နယ် တပ်တောင်ကျေးရွာ ခြစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉နာရီတွင် အမ်းမြို့နယ် ဂယ်လောင်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတောင်သူများစိုက်ပျိုးထားသည့် ရွှေရင်အေးစပါးမျိုး နွေစပါးစိုက်ခင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့၏ ကြက်သွန်နီစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

### အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးသည် အမ်းမြို့နယ် တပ်တောင်ကျေးရွာ၌ ကျင်းပသည့် ခြစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲနှင့် ကြက်ဆူဆီဖြင့် စက်ကိရိယာများ လက်တွေ့မောင်းနှင်သရုပ်ပြပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

# မြန်မာလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ စွမ်းအင်နှင့်လယ်ယာထွက်ကုန် အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

# ရှုချင့်စဖွယ်

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှုကဏ္ဍတွင် ပထမရရှိသော ရွှေအင်းသား ခင်မောင်ဝင်း၏ ဆုရဓာတ်ပုံကို တွေ့ရစဉ်။

(သတင်း–စာမျက်နှာ ၉) (ကြေးမုံ)

## ထူးခြားသည့် ညအပူအချိန်များ

(၂၄–၂–၂၀၀၆)

| | | |
|---|---|---|
| **ဟားခါး** | – | ၅ ဒီဂရီစင်တီဂရိတ် |



စွမ်းအင်အသင်းမှ အောင်ကျော်မျိုးနှင့် ရထားပို့ဆောင်ရေး နောက်ခံလူတို့ ဘောလုံး ရရှိရေး အင်တိုက်အားတိုက် ကြိုးပမ်းနေစဉ်။

(ကြေးမုံ)

# မြိတ်မြို့နယ်တွင် ခြစည်းရိုးကြက်ဆူပင် ၃၀၀၀၀ စုပေါင်းပျိုးထောင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

**တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ရွှေဒူးရော်ဘာခြံ၌ကျင်းပသော ခြစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးခွန်ရွှေသင်းက တနင်္သာရီတိုင်းအတွင်း ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် တိုင်းမှူးက တနင်္သာရီတိုင်းအတွင်း လျာထားသတ်မှတ်ထားသည့် ခြစည်းရိုးကြက်ဆူ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားကာ လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ရွှေဒူးရော်ဘာခြံတွင် မြိတ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများတွင် စိုက်ပျိုးနိုင်ရန် ကြက်ဆူမျိုးစေ့ ၃၀၀၀၀ ကို လူမှုရေးအသင်းအဖွဲ့များက တပျော်တပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေး၍ ကိုယ်တိုင်ပါဝင်ပျိုးထောင်စိုက်ပျိုးပေးသည်။(သတင်းစဉ်)